


photo credit: https://www.pyithuhluttaw.gov.mm/

Inya Economics

# ရာဇဓမ္မသင်္ဂဟကျမ်း
# - ရွေးချယ်တင်မြှောက်ခံ ၊ လစာ နှင့် လုပ်ရည်ကိုင်ရည်

September, 2020

စောလဲဘွဲ့ထူး

ရာဇဓမ္မသင်္ဂဟကျမ်း ။ ၎င်းသည် သီပေါကိုယ်တော်ကို ဆုံးမသောကျမ်းဟု ထင်ရှားသည်။ ဘောဂဗေဒ အမြင်နှင့် ချိန်ထိုးကြည့်လျှင် တင်မြှောက်ခံရသော မဟာသမ္မတသည် လခစားတစ်ဦးဖြစ်ရသည်။ ထိုလစာသည် လည်း ငွေတိုက်စံနစ်မှ ထုတ်ယူသုံးစွဲရသည့် ငွေကြေးပမာဏဖြစ်သည်။ ဆိုထားသော ငွေတိုက်စနစ်သည် ယခု ခေတ်အရ ဗဟိုဘဏ်ဟု ဆိုနိုင်သည်။ ထိုစဉ်အခါ တစ်တိုင်းပြည်လုံး ငါ၏ပိုင်ဆိုင်မှုဟုဆိုနိုင်သော သက်ဦး ဆံပိုင် စံနစ်နှင့် ဖြောင့်ဖြောင့်တန်းတန်း ဆန့်ကျင်သည့်ကျမ်း ဖြစ်သည်။

ယောမင်းကြီးဦးဖိုးလှိုင် စီရင်ထားသည့် ရာဇဓမ္မသင်္ဂဟကျမ်းတွင် သင်္ဂဟတရားလေးပါကို ထည့်သွင်း ဖော်ပြထားသည်။ ၎င်းမှာ -

၁။ သဿမေဓ ( ကုန်သည်လယ်လုပ်တို့က စပါးဆန်ရေကြေးငွေ ပေးကမ်းသင့်သည့်အတိုင်း တောင်းခံယူခြင်း)

၂။ ပုရိသမေဓ (စောင့်ရှောက်မည့် အခွန်အတုတ်ကို စောင့်ရှောက်မည့် လူတို့ကို ဝေငှပေးကမ်းခြင်း)

၃။ သမ္မာပါသ (ကုန်သည်လယ်လုပ်တို့ကို အားရှိအောင် စောင်မကြည့်ရှုခြင်း)

၄။ဝါစေပေယျ (ကုန်သည်လယ်လုပ်များနှင့် ဆက်ဆံရာတွင် မျှတစွာ ပြုမူ၍ ချိုသာစွာ ဆက်ဆံခြင်း) တို့ ဖြစ်သည်။ (ကျော်ဝင်း, ၂၀၂၀) (မောင်ထင်, ၁၉၈၃)

(ဆရာ)ကျော်ဝင်း ညွှန်းဆိုသည်မှာ ၎င်းသင်္ဂဟတရားလေးပါးသည် ဖီဆီအိုကရေစီ (Physiocracy) ဆို သော မြေယာဘောဂဗေဒ အယူအဆနှင့် ထပ်တူနီးပါး တူညီသည်ဟု ဆိုသည်။ ဖီဆီအိုကရေစီ အယူအဆတွင် ထင်ရှားသော ဘောဂဗေဒပညာရှင်ဖြစ်သည့် ဖရန်စွာကာနေး၏ ဝင်ငွေလည်ပတ်စီးဆင်းမှု သဘောတရားသည် ယောမင်းကြီးဦးဖိုးလှိုင်၏ အယူအဆနှင့် ထပ်တူနီးပါကျသည်ဟု ဆိုသည်။ သို့သော် မူရင်းကျမ်းသည် ကုန်သည် လယ်လုပ်များ၏ ကူးသန်းရောင်းဝယ်မှုကို အကြီးအအုပ်နှင့် စောင့်ရှောက်သည်။ ကူးသန်းရောင်းဝယ်ခြင်းကို နိုင်ငံတော်အစိုးရမှ တာဝန်ယူ ကုန်သွယ်သည်ဟုဆိုနိုင်သည်။ တိုင်းပြည်မှ ၎င်းတို့အား စောင့်ရှောက်ရန် အခွန်အတုတ် ကောက်ခံသည်။ ၎င်းအခွန်အတုတ်အားဖြင့် ပြည့်ဘဏ္ဍာတိုက်ကို ဖြည့်ဆည်းသည်။ ထိုသို့အားဖြင့် စာရေးသူမှာ ကုန်သွယ်ဝါဒ (Mercantilism) နှင့်ပို၍ ထပ်တူကျသည်ဟု သုံးသပ်မိသည်။

ဘောဂဗေဒ အတွေးအခေါ် အယူဆပိုင်းတွင် အခြေအတင်ဆိုနိုင်သော်လည်း နိုင်ငံရေးအယူအဆသည် ယနေ့ခေတ်အလိုဖြင့် လိုရာဆွဲတွေးနိုင်သည်။ ရာဇဓမ္မသင်္ဂကျမ်း၏ အလိုအရ ပြည်သူတို့မှာ အချင်းချင်းခိုက်ရန် ဖြစ်ပွားလျှင် ဆုံးဖြတ်မည့်သူမရှိ၍ ကုန်သည် လယ်လုပ်မပြုပါနှင့်၊ စားသုံးနိုင်လောက်အောင် ပေးပါမည်ဆို၍ မဟာသမ္မတ မင်းမြှောက်သည်ဟု ဆိုထားသည်။ သက်ဦးဆံပိုင်ကာလ နှင့် ဒီမိုကရေစီကာလဟူ၍ ကာလကွဲပြား သော်လည်း မယိုးမဆွ တူသည်ဟု လိုရာဆွဲတွေးနိုင်သည်ဟု ဆိုရခြင်းဖြစ်သည်။

ယောမင်းကြီးဦးဖိုးလှိုင်က ၎င်း၏ ခေတ်ပြိုင်နိုင်ငံများသည် သင်္ဂဟတရား လေးပါးကို ကျင့်သုံးကြသည် ဟုဆိုထားသည်။ ယောမင်းကြီးညွှန်းသည့် ကာလမှစရေတွက်ပြီး ယနေ့ခေတ်အထိ ဒီမိုကရေစီကျင့်သုံးကြသော နိုင်ငံများဆိုလျှင် ဒီမိုကရေစီရင့်မာသော နိုင်ငံများဖြစ်နေကြသည်။ ရင့်မာသည့်အလျောက် အဖြစ်အပျက်များစွာ ကြုံတွေ့ဖူးကြလိမ့်မည်။ နှစ်ပေါင်းများစွာ အဖြစ်အပျက်များကို အခြေခံ၍ လေ့လာထားသော စာတမ်းများ၏ ရလဒ်သည့်လည်း ကျေနပ်အားရဖွယ် ရလဒ်များဖြစ်လိမ့်မည်။ ၎င်းသုတေသနများမှ စူးစမ်းလိုသည့်မေးခွန်း သည် -

- **ယနေ့ခေတ်မြန်မာနှင့် ခေတ်ပြိုင် ဒီမိုကရေစီ ရင့်မာသော နိုင်ငံများတွင် နိုင်ငံရေး ခေါင်းဆောင်များသည် မည်သို့ အရည်အသွေးနှင့် ပြည့်စုံကြသနည်း။**
- **ရွေးကောက်ခံကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များအပေါ် ယင်းတို့ရရှိသောလစာ၏ သက်ရောက်မှုများ ရှိနိုင်ပါသလား။**

ဟူ၍ဖြစ်သည်။

(နိုင်ငံရေးခေါင်းဆောင်ဟုဆိုရာတွင် ရွေးချယ်တင်မြှောက်ခံ လွှတ်တော်ကိုယ်စားလှယ်များမှစ၍ တပ်မတော်ကိုယ်စားလှယ်များနှင့် နိုင်ငံတော်သမ္မတအထိ ရည်ရွယ်ဆိုလိုပါသည်။)

**ရွေးကောက်ခံနှင့် အရည်အသွေး**

၂၀၁၇ တွင် National Bureau of Economics Research မှ "ဘယ်သူ နိုင်ငံရေးခေါင်းဆောင် ဖြစ်လာနိုင်သလဲ ( Who Becomes A Politician? )" ဟူသော စာတမ်းတစ်စောင်ထုတ်ဝေခဲ့သည်။ ၎င်းစာတမ်းသည် ဆွီဒင်နိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ကိုယ်စားလှယ်လောင်းဦးရေ နှစ်သိန်းကို လေ့လာထားသည်။ အချိန်ကာလအားဖြင့် ၁၉၈၂ - ၂၀၁၀ အကြား ကိုယ်စားလှယ်များ အားလုံးဖြစ်သည်။ ၎င်းစာတမ်းတွင် ကိုယ်စားလှယ်များအား မည်ကဲ့သို့ ရွေးချယ်သည်ကို သိရှိနိုင်ရန် Score (အမှတ်ပေး) တိုင်းတာခဲ့ကြသည်။ တိုင်းတာခဲ့ရာတွင်

၁) သိမြင်နိုင်မှု (Cognitive Score)
၂) ခေါင်းဆောင်မှု ( Leardership Score)
၃) ပညာရေး (Education Score)
၄) ဝင်ငွေ (Income Score) နှင့်
၅) လုပ်နိုင်စွမ်းတန်ဖိုး (Earning Score) စသည့် အမှတ်ပေးကိန်းရှင်အပေါ် အခြေခံ၍ အမှတ်ပေး တိုင်းတာခဲ့ကြသည်။

၁) **သိမြင်နိုင်မှု** (Cognitive Score) - သိမြင်မှုကို တိုင်းတာရာတွင် ရေးဖြေ (written test)၊ ပြဿနာဖြေရှင်းနိုင်ခြင်း (problem solving)၊ နှုတ်ထွက်စကားအောင်ခြင်း ( induction capacity)၊ ဂဏန်းသင်္ချာ တော်ခြင်း (numerical )၊ နှုတ်ရေးကြွယ်ခြင်း ( verbal)၊ နံ့စပ်သိမြင်ခြင်း ( spatial ) နှင့် ခေတ်မီနည်းပညာကို တတ်ကျွမ်းခြင်း ( technological comprehension) စသည်ဖြင့် တိုင်းတာသည်။ စစ်ရေးကျွမ်းကျင်သူ ဘယ်ရစ်ကားစ်တတ် ( Berit Carlstedt) က ဆွီဒင်နိုင်ငံ၏ စစ်ဆေးမှုမေးခွန်း ( Swedish Enlistment Test ) သည် ဉာဏ်ရည်ကို စစ်ဆေးသည့် အကောင်းဆုံးမေးခွန်းလွှာဟု ထောက်ခံချက်ပေးထားသည်။ သိမြင်မှုကို တိုင်းတာရာတွင် အမှတ် ၁- ၉ ပေး၍ တိုင်းတာသည်။

(၂) **ခေါင်းဆောင်နိုင်မှု** (Leadership Score) - သိမြင်မှုကို တိုင်းတာရာတွင် အမှတ် ၅ မှတ်ကျော်မှသာ ခေါင်းဆောင်မှုကို ဆက်လက်တိုင်းတာသည်။ တိုင်းတာရာတွင် စိတ်ပညာဆရာဝန်များက Semi-structure interview ပြုလုပ်ကာ အမှတ်ပေးခြင်းဖြစ်သည်။ အမှတ် ၁ -၉ မှတ်ပေး၍ တိုင်းတာသည်။

(၃) **ပညာရေး** (Education Score) - ပညာရေး အောင်မြင်မှုများကို ဆွီဒင်နိုင်ငံရှိ ကျောင်းများနှင့် တက္ကသိုလ်များမှ ကောက်ယူ၍ Statistics Sweden ဌာနတွင် သိမ်းဆည်းထားသည်။ နောက်ပိုင်း ဆွီဒင်သို့ ပြောင်းရွှေ့လာသော သူများကို Swedish standard နှင့်ညီမျှသော ပညာရေးအဖြစ် သတ်မှတ်သည်။

(၄) **ဝင်ငွေ** (Income Score) - ဝင်ငွေကို တိုင်းတာရာတွင် အသားတင်ဝင်ငွေ (Disposal income) ကို တိုင်းတာပါသည်။

(၅) **လုပ်နိုင်စွမ်းတန်ဖိုး** (Earning Score) - လုပ်နိုင်စွမ်းတန်ဖိုးကို တိုင်းတာရာတွင် လူတစ်ဦး၏ ဝိသေသတန်ဖိုးကို ဈေးနှုန်းသတ်မှတ်၍ တိုင်းတာပါသည်။ လူတစ်ဦး၏ ဝိသေသတန်ဖိုးဟု ဆိုရာတွင် အောင်မြင်ထားသော ပညာရေးအဆင့်အတန်း ၊ ရွေးချယ်ထားသော အလုပ်အကိုင်နှင့် အလုပ်အကိုင်အောင်မြင်မှု (ရာထူး သို့ ကိုယ်ပိုင်စီးပွားရေး) တို့ကို ဈေးနှုန်းသတ်မှတ်ကာ တိုင်းတာသော တန်ဖိုးဖြစ်သည်။ (Dal Bó, Finan, Folke, Persson, & Rickne, 2017)

ထင်သာမြင်သာသည့်အချက်မှာ ကိုယ်စားလှယ်လောင်းများအကြား ရွေးကောက်ခံရသည့် ကိုယ်စားလှယ်များသည် ရွေးကောက်မခံရသော ကိုယ်စားလှယ်များထက် ပို၍ သိမြင်နိုင်မှု အားကောင်းသည်၊ ခေါင်းဆောင်နိုင်မှု အားကောင်းသည်၊ ပညာရေး အောင်မြင်မှု ပိုမြင့်မားသည်၊ ဝင်ငွေနှင့် လုပ်နိုင်စွမ်းတန်ဖိုးလည်း ပိုမို မြင့်မားကြသည်။ တစ်နည်းအားဖြင့် ပြည်သူများသည် အထက်ပါအရည်အချင်းနှင့် ပြည့်စုံမှသာ မဲပေး ရွေးချယ် ကြသည်။

### ရွေးကောက်ခံကိုယ်စားလှယ်များ၏ ကြန်အင်လက္ခဏာ

ဒီမိုကရေစီစနစ်သည် နိုင်ငံရေးအရ ကိုယ်စားပြုမှုကို အားပေးသော စနစ်ဖြစ်သည်။ သို့သော် စွမ်းဆောင်ရည်ရှိ သော၊ ဦးဆောင်နိုင်စွမ်းရှိသော ကိုယ်စားလှယ်ကို ရွေးချယ်နိုင်မည်ဟု အာမခံချက်မရှိ။ ၎င်းနှင့်ပက်သက်၍ ဆွီဒင်တွင် လေ့လာထားသော သုတေသနဆန်းစစ်ချက် (၄) ချက် တွေ့ရှိရသည်။

၁) နိုင်ငံရေးကိုယ်စားလှယ်များ (ဝါ) နိုင်ငံရေးခေါင်းဆောင်တို့သည် ၎င်းတို့ကိုယ်စားပြုသော လူအများထက် ပို၍ ထက်မြက်၍ ဆောင်ရွက်နိုင်စွမ်း ပိုအားကောင်းကြသည်။

(၂) ကိုယ်စားလှယ်ကောင်းကို ရွေးချယ်နိုင်ခြင်း (Positive selection) သည် မိသားစုနောက်ခံတောင့်တင်းမှု၊ လူမှုရေးအားကောင်းမှုအပေါ် အခြေခံသည်။ အမှတ်ပေးကိန်းရှင် (Score) တစ်ခုခြင်းစီ အားကောင်းသည့် အချက်ပေါ်တွင်လည်း အခြေခံပါသည်။ (Positive selection ဆိုသည်မှာ ကိုယ်စားလှယ်များသည် ရွေးကောက်ပွဲ မတိုင်ခင်ကပင် ရာထူးမြင့် ၊ လစာမြင့် ၊ Opportunity cost မြင့်မြင့်မားမား ရှိနှင့်သူများဖြစ်သည်)

(၃) မိဘ သို့ မိသားစု အသိုင်းအဝိုင်း ကျောထောက်နောက်ခံရှိသူများသည် ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသည်မှာ အခါတိုင်းလိုလို တွေ့ရှိရသည်။

(၄) အားနည်းချက်မှာ စွမ်းဆောင်ရည်ရှိသူနှင့် ပြည်သူကိုယ်စားပြုသူအကြား တစ်ဦးသာရွေးချယ်ရသည့် စနစ်ဖြစ် သည်။ လူမှုပတ်ဝန်းကျင်တွင် ပြည်သူကို ကိုယ်စားပြုသူအများစုသည် မိသားစု ကျောထောက်နောက်ခံ အားနည်းသူများ ဖြစ်ကြသည်။ (Dal Bó et al., 2017)

## လစာ နှင့် လုပ်ရည်ကိုင်ရည်

အထက်ပါအတိုင်း ႏရွေးချယ်ခံရသော ကိုယ်စားလှယ်များသည် လွှတ်တော်အရပ်ရပ်မှ နိုင်ငံတော် သမ္မတအထိ တာဝန်ပေးခံရပြီး ဒီမိုကရေစီနိုင်ငံတွင် အဓိကကျသည့် နေရာမှ ပါဝင်သည်။ နိုင်ငံရေးခေါင်းဆောင်များဟုလည်း ဆိုနိုင်သည်။ ပြည်သူများက ရွေးချယ်တင်မြှောက်ကာ ပြည်သူ့ကိုယ်စားပြု၍ အချုပ်အခြာအာဏာကို လက်ဝယ်ရရှိသူများလည်းဖြစ်သည်။ ထိုကြောင့် ကိုယ်စားလှယ်များသည် ၎င်းတို့အား မဲပေးရွေးချယ်လိုက်သော ပြည်သူများ မျှော်လင့်သည့်အတိုင်း ဆောင်ရွက်နိုင်မည်လားဆိုသည်မှာ ၎င်းတို့၏ စိန်ခေါ်ချက်ဖြစ်သည်။ ၎င်းတို့၏ စိတ်အားထက်သန်မှုလည်းဖြစ်သည်။ ၎င်းတို့၏ စိတ်အားထက်သန်မှုမက်လုံးသည် တစ်နည်းနည်းဖြင့် နိုင်ငံတော်မှ ပေးသည့် လစာအပေါ် မူတည်သည်။ (နိုင်ငံရေးခံယူချက်ကြောင့်၊ နိုင်ငံတော်အတွက်ကြောင့် ဆိုသော ခံယူချက်များအား ငြင်းချက်မထုတ်လိုပါ။ ၎င်းအမြင်မှ ကြည့်လျှင် ယခုစာတမ်းပါ သုတေသနမေးခွန်းမှ ခွဲထွက်၍ ဖြေဆိုရမည်ဆိုသောကြောင့် ထည့်သွင်း မဆွေးနွေးပါ။)

နိုင်ငံရေးခေါင်းဆောင်များ၏ လစာနှုန်းထားသည် ၎င်းတို့၏ အရည်အသွေးကို မည်သို့ သက်ရောက်ကြောင်းကို တူရကီနိုင်ငံတွင် လေ့လာထားသော သုတေသနစာတမ်းတစ်စောင် ၂၀၂၀ခုနှစ် စက်တင်ဘာလတွင် ထွက်လာသည်။ London School of Economics မှ လောလောလတ်လတ်ထုတ်ဝေထားသော စာတမ်းဖြစ်သည်။ တူရကီနိုင်ငံရှိ (၂၃) ကြိမ်မြောက် သမ္မတသက်တမ်း (၂၀၀၇ - ၁၁ ) နှင့် (၂၄) ကြိမ်မြောက် သမ္မတသက်တမ်း (၂၀၁၁ - ၁၅) အတွင်းလေ့လာထားသော သုတေသနဖြစ်သည်။ ဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ်တွင် အနားယူသွားသော လွှတ်တော်အမတ်များ၏ ပင်စင်စားရိတ်ကို တိုးမြှင့်သည့် ဥပဒေအတည်ပြုလိုက်သည်။ ထိုဥပဒေကြောင့် လွှတ်တော်အတွင်း ကိုယ်စားလှယ်များ၏ ဥပဒေပြုနိုင်သည့် လုပ်ရည်ကိုင်ရည်မည်သို့ ပြောင်းလဲသွားသည်ကို တိုင်းတာထားခြင်းဖြစ်သည်။ လုပ်ရည်ကိုင်ရည်ဟုဆိုရာတွင် ကိုယ်စားလှယ်များ၏ (၁) လွှတ်တော်အတွင်း ပါဝင်ဆွေးနွေးသည့် အကြိမ်အရေအတွက်များ *(Speech)*၊ (၂) လွှတ်တော်အတွင်း ပါဝင်ဆွေးနွေးသည့် စကားများ *(Words)*၊ (၃) လွှတ်တော်သို့ တင်သွင်းလာသည့် လျှောက်ထားချက်များကို လေ့လာခြင်း (သို့) ဆွေးနွေးသည် အကြိမ်အရေအတွက်များ *( Motions)*၊ နှင့် (၄) ဥပဒေကြမ်းတင်သွင်းသော အကြိမ်အရေအတွက်များ *(Law drafts)* များကို အခြေခံ၍ တိုင်းတာသည်။

သီဝရီအားဖြင့် ပင်စင်နှုန်းထား တိုးမြင့်လိုက်ခြင်းကြောင့် ပို၍ အရည်အချင်းရှိသော ကိုယ်စားလှယ်များ ရွေးကောက်ပွဲသို့ ယှဉ်ပြိုင်အရွေးခံလာနိုင်သည်။ ပင်စင်လစာမက်လုံးကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း နိုင်ငံတော်မူဝါဒများကို အကောင်းဆုံး အကောင်အထည် ဖော်လာနိုင်သည်။ ထိုသို့အရည်အချင်းရှိသော ကိုယ်စားလှယ်များအတွက် ရွေးကောက်ပွဲ နောက်တစ်ကြိမ်ယှဉ်ပြိုင်ရန် တွန်းအားလည်းဖြစ်သည်။ သို့တစေ ပင်စင်လစာနှုန်းထား တိုးမြှင့်လိုက်ခြင်းကြောင့် ရာထူးလိုချင်ယုံ သက်သက်ဖြင့် လွှတ်တော်ထဲသို့ရောက်လာသော ကိုယ်စားလှယ်များ၏ အရည်အသွေးသည် ကျဆင်းလာလိမ့်မည်။

အန္တာရယ်ကြီးသည့်အချက်မှာ တူရကီလွှတ်တော်အတွင်း ဆိုးဝါးသည့် အခြေအနေတစ်ရပ်မှ လွဲ၍ အရည်အချင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များကို အလုပ်ဖြုတ်နိုင်ခြင်း မရှိခြင်းဖြစ်သည်။ သမ္မတသက်တမ်းတစ်ခုအတွင်း အလုပ်အတွက်၊ လစာအတွက်စိတ်ပူရန်မလိုပေ။

တူရကီနိုင်ငံကို Difference-In-Difference framework ဖြင့် ဆန်းစစ်ကြည့်လျှင် လစာနှုန်းထား တိုးမြှင့်ခြင်းကြောင့် ကိုယ်စားလှယ်များ၏ လုပ်ရည်ကိုင်ရည် ကျဆင်းနိုင်သည်။ ကိုယ်စားလှယ်တစ်ဦးချင်း၏ ဥပဒေပြုနိုင်စွမ်းသည်လည်း ကျဆင်းရသည်။ လွှတ်တော်အတွင်း တက်ကြွစွာ မပါဝင်တော့ခြင်း၊ လွှတ်တော်ကြားနာမှုကို ပျက်ကွက်ခြင်းများဖြစ်လာသည်။ (Altindag, Filiz, & Tekin, 2017)

ထို့အတွက်ကြောင့် လစာနှုန်းထားမတိုးပေးလျှင် နိုင်ငံရေးခေါင်းဆောင်များ လာဘ်စားနိုင်သည်ဆိုသည်မှာ အခြေအတင်ဆွေးနွေးရမည့် အကြောင်းအရာဖြစ်လာသည်။ ထိုအကြောင်းအရာမှာလည်း နိုင်ငံတော်၏ ရွေးကောက်ခံအစိုးရအတွက် အကျည်းတန်ဆုံး ကိစ္စရပ်လည်းဖြစ်သည်။

**ရွေးကောက်ခံနှင့် လာဘ်ပေးလာဘ်ယူ**

လာဘ်ပေးလာဘ်ယူပြစ်မှုသည် တိုးတက်ပြီးသား နိုင်ငံအတွက်သာမက တိုးတက်နေဆဲ နိုင်ငံများအတွက်ပါ အကျည်းတန်သည့်ပြစ်မှု ဖြစ်သည်။ သမ္မတသက်တမ်းတစ်ခုအတွင်း နိုင်ငံတော်အစိုးရ၏ လုပ်ရည်ကိုင်ရည်ကို တိုင်းတာသည့် အရေးပါသော ညွှန်းကိန်းတစ်ခုလည်းဖြစ်သည်။ ယခုဆောင်းပါးတွင် ကိုယ်စားလှယ်များ၏ လစာ နှုန်းထား အတိုးအလျှော့ကြောင့် လာဘ်ပေးလာဘ်ယူမှု ဖြစ်ပေါ်လာနိုင်သလားဆိုသည့် အခြေအတင်ဆွေးနွေးချက်အပေါ် သုတေသနပြုလုပ်ထားသည့် စာတမ်း (၂) စောင်အပေါ် အခြေခံ၍ တင်ပြဆွေးနွေးချင်သည်။ ပထမစာတမ်းမှာ စပိန်နိုင်ငံတွင် ရွေးကောက်ခံ (၂၀,၀၀၀)ကျော်အနက်မှ Sample (၃၅၈) ဦးကို လေ့လာထားသောစာတမ်း ၊ ဒုတိယစာတမ်းမှာ အမေရိကနိုင်ငံရှိ အရာထမ်း (၁,၀၀၀) ၏ ဖွင့်ဟဝန်ခံချက် များကို လေ့လာထားသော စာတမ်းတို့ ဖြစ်သည်။ စာတမ်း (၂) စောင်လုံး၏ ဘုံတွေ့ရှိချက်မှာ ကိုယ်စားလှယ်များ ရရှိသော လစာနည်းခြင်းကြောင့်လည်း လာဘ်ပေးလာဘ်ယူ မဖြစ်နိုင်ပါ။ လစာပေးခြင်းကြောင့်လည်း လာဘ်ပေးလာဘ်ယူ ပပျောက်အောင်မဆောင်ရွက်နိုင်ဟု ဆိုထားသည်။ (Benito, Guillamón, Ríos, & Bastida, 2018) (Hoffman & Lyons, 2013)

*(လာဘ်ပေးလာဘ်ယူပြစ်မှုသည် ကိုယ်စားလှယ်လောင်းတစ်ဦးခြင်းစီ၏ ကိုယ်ကျင့်တရားနှင့် သာသက်ဆိုင်သည်။ လာဘ်ပေးလာဘ်ယူ ဘာကြောင့်ဖြစ်ရသည်။ မည်သည့်အတွက်ကြောင့် လျော့ကျရသည်ကို ဆက်လက် လေ့လာလိုလျှင် အထက်ပါ စာတမ်း (၂) စောင်၏ မူရင်းစာတမ်းကို ညွှန်းချင်သည်။)*

ရာဇဓမ္မသင်္ဂဟကျမ်းအရ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံဥပဒေဆိုင်ရာဘောဂဗေဒ[1] အတွေးအခေါ်များသည် ယောအတွင်းဝန်ဦးဖိုးလှိုင်လက်ထပ်တွင် စတင်သန္ဓေတည်ခဲ့သည်။ ယနေ့ခေတ်မြန်မာနိုင်ငံတွင် လက်တွေ့ကျင့်သုံးနေပြီ ဖြစ်သည်။ ဒီမိုကရေစီအခြေတည်ပြီးသော နိုင်ငံများ၏ သုတေသနလေ့လာချက်များကြောင့် ကျေနပ်အားရဖွယ် ရလာဒ်များကို လေ့လာခွင့်ရသည်။ မြန်မာနိုင်ငံအတွက် သင်ခန်းစာလည်း ဖြစ်သည်။ မြန်မာနိုင်ငံ ပေါ်လစီယန္တားရှိ ရွေးကောက်ခံများ၏လစာသည် ဗျူရိုကရက်ဝန်ထမ်းများ၏လစာထက်များသည်။ နှိုင်းယှဉ်ကောင်း၊ မယှဉ်ကောင်းဆိုသည်မှာ စာရေးသူအတွက် ဝိရောဓိဖြစ်သည် ။ မြန်မာနိုင်ငံတွင် -

- **ပြည်သူများ မည်ကဲ့သို့သော် ကိုယ်စားလှယ်များကို ရွေးချယ်ကြမည်နည်း။**
- **ကိုယ်စားလှယ် လစာနှုန်းထားကြောင့် လုပ်ရည်ကိုင်ရည်အပေါ်အကျိုးသက်ရောက်နိုင်ပါသလား.....။**

**Reference**


Altindag, D. T., Filiz, E. S., & Tekin, E. (2017). D Economica.

Benito, B., Guillamón, M.-D., Ríos, A.-M., & Bastida, F. (2018). Can salaries and re-election prevent political corruption? An empirical evidence. Revista de contabilidad, 21(1), 19-27.

Dal Bó, E., Finan, F., Folke, O., Persson, T., & Rickne, J. (2017). Who becomes a politician? The Quarterly Journal of Economics, 132(4), 1877-1914.

Hoffman, M., & Lyons, E. (2013). Do higher salaries lead to higher performance? Evidence from state politicians. Evidence from State Politicians (October 23, 2013). Rotman School of Management Working Paper(2345085)

ကျော်ဝင်း (၂၀၂၀). စာအုပ်များနှင့် နျစ်ပေါင်းများစွာ. ပန်းဆက်လမ်းစာအုပ်တိုက်

မောင်ထင် (၁၉၈၃). ယောမင်းကြီးဦးဖိုးလှိုင်အတ္ထုပ္ပတ္တိနှင့် ရာဇဓမ္မသင်္ဂဟကျမ်း. စံပယ်ဦးစာပေ


[1] ဖွဲ့စည်းပုံဥပဒေဆိုင်ရာဘောဂဗေဒ (Constitutional Economics) : https://web.facebook.com/photo fbid=1368975079904019&set=gm.490705624743439